## ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တတိယအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

ရက်စွဲ။ ။၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော တတိယအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးနှင့် သာမန်ထက် ထူးကဲသော အထွေထွေ အစည်းအဝေးတို့တွင် ဆောင်ရွက်မည့်ကိစ္စများ အသိပေးကြေညာချက်တွင် ထည့်သွင်းဖော်ပြ ထားသည့် အောက်ဖော်ပြပါ သာမန်ဆုံးဖြတ်ချက်များနှင့် အထူးဆုံးဖြတ်ချက်များအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့ တွင်ပြုလုပ်ခဲ့သော ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် သာမန်ထက် ထူးကဲသော အထွေထွေ အစည်းအဝေး တို့တွင် အစုရှယ်ယာရှင်များမှ သဘောတူဆုံးဖြတ်ခဲ့ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | <u>သာမန်ဆုံးဖြတ်ချက်များ</u> | <u>ရလဒ်</u> |
|---|---|---|
| ၁။ | ကုမ္ပဏီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရှင်းတမ်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၂။ | ကုမ္ပဏီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီမှအဆိုပြုထားသော အမြတ်ဝေစုအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၃။ | ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား ရွေးချယ်ခန့်အပ်ရန်။<br>- ရွေးချယ်ခြင်းခံရသည့် ဒါရိုက်တာများမှာ - ဦးဝင်းအောင်၊ ဦးသိန်းဟန်၊ ဦးအောင်စိုးသာ<br>- ခန့်အပ်ခြင်းခံရသည့် လွတ်လပ်သော ဒါရိုက်တာများမှာ - ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ဦးတင်ထွဋ်ဦး၊ ဦးအောင်ညွန့် | အတည်ပြုသည် |
| ၄။ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်အဖြစ် ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များအား စာရင်းစစ် ခန့်အပ်ခြင်းအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၅။ | ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် အသားတင်အမြတ်၏ (၂) ရာခိုင်နှုန်းကို အောက်တိုဘာလ (၂၂) ရက်နေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား ခွဲဝေပေးရန်။ | အတည်ပြုသည် |

| **အထူးဆုံးဖြတ်ချက်များ** | **ရလဒ်** |
| --- | --- |
| ၁။ သင်းဖွဲ့မှတ်တမ်း (၅)၊ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၂၈) ပြင်ဆင်ခြင်းအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၂။ သင်းဖွဲ့မှတ်တမ်း အပိုဒ် (၃) အပိုဒ်ခွဲ (၁) ပြင်ဆင်၊ဖြည့်စွက်ခြင်းအားအတည်ပြုရန်။ | အတည်ပြုသည် |

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက် ကုမ္ပဏီသည် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကြီး၌ အစုရှယ်ယာရှင်များက အတည်ပြုခဲ့သည့်အတိုင်း ခွဲခြမ်းခြင်းမပြုရသေးသည့် အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုကျပ် (၂၅၀၀) အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှစတင်၍ အစုရှယ်ယာရှင်များသို့ ထုတ်ဝေ ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လိုင်စင်ရငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီတွင် စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် အဆိုပါ အမြတ်ဝေစုကို မိမိတို့စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံကုမ္ပဏီများထံမှ တဆင့်လက်ခံရရှိမည်ဖြစ်ပါသည်။ ငွေချေး သက်သေခံ လက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသည့် အစုရှယ်ယာရှင်များကို မိမိတို့အမြတ်ဝေစုများအား သက်ဆိုင်ရာ ဘဏ်ခွဲအသီးသီးများမှတဆင့် Pay-Order Cheque "P.O. Cheque" ဖြင့်ပေးမည်ဖြစ်ပါသည်။ ထုတ်ယူရ မည့် ဘဏ်ခွဲများစာရင်းကို ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

အေးဝင်း

အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်ဒါရိုက်တာ